# ဗိုကိုလာရေလှုပ်ရှားမှု

# အသက်ပေးသည့် နှုတ်တော်ထွက်စကား

ဖေဖော်ဝါရီလ ၂၀၁၇

## ‘‘စိတ်နှလုံးသစ်ကိုငါပေးမည်၊ သဘောသစ်ကိုသွင်းထားမည်။ (ယေဇကျေလ၃၆း၂၆)

‘‘စိတ်နှလုံး’’ ဆိုသည့်ဝေါဟာရက ကျွန်ုပ်တို့အား နွေးထွေးပျူငှာချစ်ခင်စုံမက်ခြင်း၊ ခံစားချက်နှင့် ပြင်းပြသောစိတ်တို့ကို ထောက်ရှုဆင်ခြင်စေပါသည်။ မည်သို့ပင်ဆိုစေ၊ သမ္မာကျမ်းစာကိုရေးသားသူများအဖို့ ထိုထက်ပင် ပိုပါလိမ့်မည်။ သဘောထားနှင့်အတူ စိတ်နှလုံးသည် တစ်စုံတစ်ယောက်၏အသက်တာရော လူပုဂ္ဂိုလ် အရပါ ဗဟိုအချက်အချာပင်ဖြစ်သည်။ ၎င်းက ဆုံးဖြတ်ချက်များပြုရာနေရာ၊ ကျွန်ုပ်တို့၏အတွင်းစိတ်တည်ရှိရာ၊ ကျွန်ုပ်တို့၏ဝိညာဉ်ရေးဆိုင်ရာ အသက်တာပင်ဖြစ်သည်။ နူးညံ့သိမ်မွေ့သောနှလုံးသားမှာ ဘုရားသခင်၏ နှုတ်တော်ထွက်စကားကို ကျိုးနွံနာခံတတ်ပြီး နှုတ်ကပတ်တော်၏လမ်းညွှန်မှုကိုလည်းခံယူတတ်သလို အခြား သူများအတွက် ကောင်းကျိုးကိုသာ တွေးတောပေးတတ်သည်။ ကျောက်ခဲလိုမာကျောသောနှလုံးသားမူကား မိမိ ဘာသာပိတ်လှောင်နေတတ်ပြီး နားလည်းမထောင်တတ်သကဲ့သို့ စာနာသနားခြင်းစိတ်လည်းကင်းမဲ့လေ၏။

ကျွန်ုပ်တို့အနေဖြင့် စိတ်နှလုံးသစ်နှင့် သဘောသစ်ကို အမှန်တကယ်လိုအပ်ပါသလား။ ပတ်ဝန်းကျင်ကို ကြည့်လိုက်လျှင် လူတို့၏နှလုံးသားများအား ကျောက်ခဲလိုမာကျောပြီး ဘုရားသခင်၏ဖန်ဆင်းခြင်းဆိုင်ရာ အကြံ အစည်တော်ကို လက်မခံကြသော အကြမ်းဖက်မှု၊ အကျင့်ပျက်ခြစားမှုနှင့် စစ်ပွဲများကို မြင်တွေ့ရရုံဖြင့် လုံလောက် ပေ၏။ မိမိ၏အတွင်းစိတ်နှလုံးကို အမှန်တကယ်ရိုးသားစွာထောက်ရှုပါလျှင် ကျွန်ုပ်တို့သည် အလိုဆန္ဒ၏ နောက်သို့ မကြာခဏလိုက်ပါမိတတ်ကြသည်ကို မြင်တွေ့နိုင်ပါသည်။ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်များအား အမှန်တကယ်လမ်းညွှန်ပေးပါသလား။ အခြားသူများအတွက် အကျိုးပြုလိုမှုကို ကျွန်ုပ်တို့ ခံယူကြပါသလား။

ကျွန်ုပ်တို့လူသားများ၏အားနည်းချက်ကိုကြည့်ရင်း ဘုရားသခင်သည် သနားခြင်းကရုဏာစိတ်ဖြစ်တော် မူ၏။ ကျွန်ုပ်တို့က ကိုယ့်အကြောင်းကိုယ်သိခြင်းထက် ဘုရားသခင်က ပို၍ပင်သိသလို စိတ်နှလုံးသစ်လိုအပ် ကြောင်းကိုလည်း ကိုယ်တော်ရှင်သိပါသည်။ သို့ဖြစ်၍ လူတစ်ဦးချင်းသာမက သူ၏လူအားလုံးအတွက် ထောက်ရှု စရာအဖြစ် ဘုရားသခင်က ပရောဖက်ယေဇကျေလ(Ezekiel)အား ကတိတော်ပေးခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်၏ အကြံအစည်တော်မှာ သူ၏မူလရည်ရွယ်ချက်ဖြစ်သည့် တုန့်ပြန်မေတ္တာကိုအခြေပြုသော ကြီးမားကျယ်ပြန့်သည့် မိသားတစ်စုတည်းအဖြစ် ပြန်လည်ဖန်တည်းရန်ဖြစ်သည်။ ဘုရားသခင်၏စီမံကိန်းကို ကျွန်ုပ်တို့သည် ဖြည့်ဆည်း အကောင်အထည်ဖော်နိုင်ခြင်းမရှိသည်ကို သမိုင်းစဉ်တစ်လျှောက် မကြာခဏဖော်ပြနေသည့်တိုင် တစ်ဘက်တွင်မူ ဘုရားသခင်သည် ကျွန်ုပ်တို့လူသားများအပေါ် ဘယ်သောအခါမျှစိတ်မပျက်ဘဲ ဘုရားရှင်ကိုယ်တော်တိုင်က စိတ်နှလုံးသစ်နှင့် သဘောသစ်ကိုပေးနိုင်ကြောင်း ကတိတော်ပေးနေပါသည်။

သားတော်ကို ဤလောကသို့စေလွှတ်ခဲ့ခြင်းနှင့် ပင်တေကော့စ်ပွဲနေ့တွင် သန့်ရှင်းသောဝိညာဉ်တော် သွန်းလောင်းတော်မူခြင်းဖြင့် ကိုယ်တော်ရှင်သည် ထားတော်မူရာကတိ တည်တော်မူခဲ့ပါသည်။ ရှေးဦးခရစ်ယာန် အသိုင်းအဝိုင်းသည် ဂျေရုဆလင်တွင်စတင်ဖြစ်ပေါ်ခဲ့ပြီး ယင်းကား လူ့ဘောင်တစ်ခုလုံးအဖို့ စိတ်နှလုံးတစ်ခု၊ သဘောထားတစ်ခုတည်းဖြင့် နေထိုင်သွားရေးအတွက် ပြယုဂ်ပင်ဖြစ်တော့သည်။

ဤအသက်ပေးသည့်နှုတ်တော်ထွက်စကားကို ဖတ်ရှုနေသူ သို့မဟုတ် နားထောင်နေသူ၊ ရေးသားနေသူ ကျွန်ုပ်အပါအဝင် ကျွန်ုပ်တို့အားလုံးသည်လည်း လူ့ဘောင်လောကသစ်တစ်ခု၏ အစိတ်အပိုင်းဖြစ်ကြဖို့ ခေါ်ဖိတ် ခြင်းကိုခံကြရပါသည်။ ထို့အပြင် အဆိုပါလူ့ဘောင်လောကသစ်ကို ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင် ပညာပေး သွန်သင်ပြသကြဖို့နှင့် မိမိတို့နေထိုင်ရာနှင့် ကျင်လည်ရာလုပ်ငန်းခွင်များသို့လည်း ဆောင်ယူသွားကြရန် တောင်းဆိုနေပါသည်။ ကျွန်ုပ်တို့အားပေးအပ်သောတာဝန်မှာ မည်မျှလောက်ကြီးမြတ်လှပါသနည်း၊ ဘုရားသခင် ကျွန်ုပ်တို့အပေါ်ထားရှိသောယုံကြည်မှုသည် အဘယ်မျှလောက်ကြီးမြတ်လှပါသနည်း။ ကျွန်ုပ်တို့သည် ယိုယွင်း ပျက်စီးနေသောလူမှုအသိုင်းအဝိုင်းကိုကြည့်ရှင်း စိတ်ပျက်အားလျှော့တတ်ကြခြင်း၊ ကျွန်ုပ်တို့ထက်ကြီးမားသော အပြစ်မကောင်းမှုမျိုးကြုံလာသည့်အခါ အရှုံးပေးတတ်ကြခြင်းနှင့် မိမိတို့၏အရေးမဟုတ်သကဲ့သို့ ဂရုမပြုပဲနေခြင်း တို့အစား သခင်ယေရှု၏နှလုံးသားအတိုင်းအဆကဲ့သို့ပင် ကျွန်ုပ်တို့၏နှလုံးသားများကိုလည်း ကျယ်ပြောစွာ ဖွင့်ထားကြပါစို့။ ဤသည်ကား အခြေခံအရာမျှသာဖြစ်လင့်ကစား အလွန်ပင်ထိရောက်လှပါသည်။ ယင်းကား ကယားရာလူးဘစ် ကျွန်ုပ်တို့အားလုပ်ဆောင်ဖို့တောင်းဆိုခဲ့သလို “ ဘုရားသခင်သည် လူတိုင်းအားချစ်သကဲ့သို့ ကျွန်ုပ်တို့ဆုံတွေ့သမျှလူတိုင်းအား ချစ်ခြင်းမေတ္တာထားကြပါ” ဟုလည်း အမြဲတမ်းပြောကြားခဲ့ပါသည်။ ထို့ပြင် ကျွန်ုပ်တို့သည် အချိန်ကာလတစ်ခုအတွင်း အသက်ရှင်နေထိုင်ကြသည်ဖြစ်၍ ကိုယ်နှင့်စပ်ဆိုင်သောသူ တစ်ဦးချင်း စီအား ယခင်ဆုံတွေ့ခဲ့စဉ် ညီအစ်ကိုမောင်နှမတို့အပေါ်မေတ္တာပြဖို့ ကြွေးတင်ကျန်ရစ်ခြင်းမျိုးမရှိဘဲ မေတ္တာ ထားကြရပါမည်။

လုံလောက်မှုမရှိသော မိမိတို့၏ခွန်အားနှင့်ကိုယ်ပိုင်အစွမ်းအစများအပေါ်မှာသာ မှီခိုအားထားမနေဘဲ ဘုရားသခင် ကျွန်ုပ်တို့ကိုပေးထားသော“စိတ်နှလုံးသစ်ကိုငါပေးမည်၊ သဘောသစ်ကိုသွင်းထားမည်။” ဆိုသည့် ကျေးဇူးတော်အပေါ် ယုံကြည်အားထားကြပါစို့။

တစ်ဦးချင်းစီအပေါ် ချစ်ခြင်းမေတ္တာထားဖို့တောင်းဆိုသံကို ကျွန်ုပ်တို့သည် လိုက်လှဲစွာတုန့်ပြန်မည် ဆိုပါလျှင်၊ ကျွန်ုပ်တို့အတွင်း၌ လမ်းညွှန်မှုပေးနေသော သန့်ရှင်းသောဝိညာဉ်တော်၏အသံတော်ကို ခွင့်ပြုခဲ့မည် ဆိုပါလျှင် ကျွန်ုပ်တို့သည် လူ့ဘောင်လောကသစ်ကြီး၏ သက်ရှိဆဲလ်များဖြစ်လာမည်၊ ကြီးမြတ်လှသည့် မတူကွဲပြားလူမျိုးများနှင့် ယဉ်ကျေးမှုတို့တည်ရှိရာ ကမ္ဘာလောကသစ်ကို တည်ဆောက်သူများဖြစ်လာကြပေမည်။

*Fabio Ciardi, OMI*

*****************************************************************